People's Defence Force (Kalay)

## ထန်တလန်မြို့အတွက် ဝမ်းနည်းကြေကွဲခြင်း

အောက်တိုဘာ ၃၀ ရက်၊ ၂၀၂၁

အောက်တိုဘာ ၂၉ ရက်နေ့တွင် မင်းအောင်လှိုင်၏ကျေးကျွန် လူသတ်အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့က ထန်တလန်မြို့ကို လက်နက်ကြီးများဖြင့် ဆက်တိုက်ပစ်ခတ်၍ မီးလောင်တိုက်သွင်းဖျက်စီးခဲ့ပါသည်။

ထန်တလန်မြို့ကို လက်နက်ကြီးများဖြင့် ပစ်ခတ်မီးရှို့ဖျက်စီးခဲ့ခြင်းသည် ထန်တလန်မြို့သူ၊ မြို့သားတို့အဖို့ ၎င်းတို့၏နှလုံးသားကို ချေမွဖျက်စီးခံခဲ့ရသလိုပင်ဖြစ်ပါလိမ့်မည်။ ဤလုပ်ရပ်သည် လွတ်လပ်မှုနှင့် တရားမျှတမှုအတွက် သတ္တိပြောင်စွာ တော်လှန်တိုက်ပွဲဆင်နွှဲလျက်ရှိသော ချင်းအမျိုးသားတို့နှင့် လက်ရုံးရည်၊ နှလုံးရည်ချင်း ယှဉ်ပြိုင်တိုက်နိုင်စွမ်းမရှိသည့် မင်းအောင်လှိုင်နှင့် စစ်ကောင်စီတပ်၏ သူရဲဘောကြောင် အောက်တန်းကျလှသည့် အဘောနှလုံးနာစက်ဆုပ်ရွံရှာဖွယ်ရာ လုပ်ရပ်ပင်ဖြစ်သည်။

မိမိတို့ PDF (Kalay) အနေဖြင့် ထန်တလန်မြို့သူ၊ မြို့သားများနှင့် ထပ်တူကြေကွဲဝမ်းနည်းလျက်ရှိပြီး လူသတ်အကြမ်းဖက်စစ်ကောင်စီနှင့် စစ်အာဏာရှင်စနစ်ကို အဆုံးသတ်အမြစ်ဖြတ်ချေမှုန်းနိုင်မှသာ မိမိတို့၏ နောက်မျိုးဆက်များအနေဖြင့် ဤသို့သောအဖြစ်ဆိုးမျိုး ထပ်မကြုံရနိုင်မည်ဟုဆင်ခြင်မိပါသည်။

မိမိတို့ PDF (Kalay) အနေဖြင့် လွတ်လပ်မှုနှင့်တရားမျှတမှုအတွက် တိုက်ပွဲဝင်လျက်ရှိသော ချင်းအမျိုးသားထုတစ်ရပ်လုံးနှင့်အတူ ခိုင်မာစွာအတူရပ်တည်၍ မိမိတို့ရည်မှန်းသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုပန်းတိုင်သို့ မရောက်မချင်း အဆုံးထိတိုက်ပွဲဝင်သွားမည်ဖြစ်သည်။